# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

April 9, 2019 — Volume 18, Number 7

၉.၄.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၃၀၁ /-US$ |
| မြန်မာ့ရွှေစျေး | = ၁၀၄၆၀၀၀/ကျပ် |
| ဒေါ်လာစျေး | = ၁၅၀၂/ကျပ် |
| CBM Rate | = ၁၅၀၅.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၃.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၂.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၃၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၇၆ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၂.၀၅ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၇၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၃၁ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ယခုဘဏ္ဍာနှစ် ငါးလခွဲကာလအတွင်း လယ်ယာရေထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်

ယခုဘဏ္ဍာနှစ် ငါးလခွဲကာလအတွင်း (အောက်တိုဘာလမှ မတ်လလယ် အထိ) လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ကုန်များ ပြည်ပသို့ ယခင်နှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာနမှ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်၏ ပြောဆို ချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ် ငါးလခွဲအတွင်း တင်ပို့မှုနှင့် ယခင်နှစ်ကာလတူ နှိုင်းယှဉ်ရာ တွင် လယ်ယာထွက်ကုန် ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်၊ တိရစ္ဆာန်ထွက်ကုန်များမှ အမေရိကန်ဒေါ်လာ ၂၂၇ သန်းကျော်နှင့် ရေထွက်ကုန်မှ အမေရိကန် ဒေါ်လာ ၂၄ သန်းကျော် ပိုများလာသည်။

ယခုဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၁၅ ရက်အထိ ငါးလခွဲအတွင်း လယ်ယာ ထွက်ကုန် ပြည်ပတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၂၅ ဘီလီယံ ရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလ မှ မတ် ၁၅ ရက်အထိ လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၅ ဘီလီယံ ရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် တိရစ္ဆာန်ထွက်ကုန်များကို ယခု ဘဏ္ဍာနှစ် ငါးလခွဲအတွင်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၉ သန်းကျော် ရရှိထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက တိရစ္ဆာန်ထွက်ကုန် တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄၂ သန်းကျော်သာ ရရှိရာ ယခုနှစ် တွင် အမေရိကန်ဒေါ်လာ ၂၂၇ သန်းကျော် ပိုမိုရရှိခဲ့သည်။ အလားတူ ရေထွက်ကုန် ပြည်ပ တင်ပို့မှုလည်း ယခုနှစ် ငါးလခွဲအတွင်း အမေရိကန်ဒေါ်လာ ၃၉၉ သန်းကျော် ရရှိထားသည်။

ယခင်နှစ် အလားတူ ကာလတွင် အမေ ရိကန်ဒေါ်လာ ၃၇၅ သန်းကျော် ရရှိရာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄ သန်းကျော် ပိုလာခြင်း ဖြစ်သည်။ ယခုဘဏ္ဍာနှစ် ငါးလခွဲအတွင်း တခြားပို့ကုန်များ ဖြစ်သည့် စက်မှုကုန်ချောတင်ပို့မှုမှ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ပိုများလာ သော်လည်း သတ္တုတွင်း ပစ္စည်းတင်ပို့မှုမှ ယခင်နှစ်ထက် အမေရိကန် ဒေါ်လာ ၅၇၈ သန်းနှင့် သစ်တောထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ခြောက်သန်းကျော် လျော့နည်းခဲ့သည်။

ယခုဘဏ္ဍာနှစ် ငါးလခွဲအတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၇၂ ဘီလီယံ ရရှိထားပြီး ပြီးခဲ့သည့် နှစ်က အမေရိကန် ဒေါ်လာ ၆ ဒသမ ၆၇၅ ဘီလီယံ ရရှိရာ ယခုဘဏ္ဍာနှစ်တွင် အမေရိ ကန်ဒေါ်လာ ၆၉၇ သန်းကျော် ပိုမို ရရှိခဲ့ကြောင်း သိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1838-fishery-and-livestock-products-abroad-shipments.html



## ကချင်ပြည်နယ်ရှိ တရားမဝင် တစ်သျှူးငှက်ပျော စိုက်ခင်းများမှ အခွန်ငွေရရှိအောင် ဆောင်ရွက်နေ

တရုတ်နိုင်ငံသားများ တရားမဝင် လာရောက်စိုက်ပျိုးနေသော တစ်သျှူးငှက်ပျော စိုက်ခင်းများမှ နိုင်ငံတော်အတွက် အခွန်ငွေရရှိအောင် ဆောင်ရွက်နေသည်ဟု ကချင်ပြည်နယ်စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဦးကျော်ကျော်ဝင်းက ဧပြီ ၇ ရက် တွင် ပြောသည်။

ကချင်ပြည်နယ် အစိုးရက လက်လှမ်းမီသရွေ့ ကောက်ယူထားသော စစ်တမ်းများအရ တရားမဝင် စိုက်ပျိုးထားသည့် တစ်သျှူး ငှက်ပျောစိုက်ခင်း ကေခြောက်သောင်းသုံးထောင် ကျော်ရှိသည်ဟု ၎င်းကဆိုသည်။ အဆိုပါ ငှက်ပျောစိုက်ခင်းများကို ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီထံမှ တရားဝင်ခွင့်ပြု ချက်ရယူပြီး နိုင်ငံတော်သို့အခွန် ပေးဆောင်စေရန် ဆောင်ရွက် မည်ဟု ဆိုသည်။

"အစကနေအဆုံးအထိ ပြန်ပြီးအခွန်ဆောင်ခိုင်းဖို့ကို လုပ်ဆောင်သွားမှာပါ" ဟုဝန်ကြီး ဦးကျော်ကျော်ဝင်း ကပြောသည်။ အခွန်ကောက်ခံမှုစနစ်၊ စိုက်ဧကအတွက် အခွန်နှုန်းထားစသော သတ်မှတ်ချက်များ စီစစ်နေပြီး လက်ရှိတွင် အတိအကျ မပြောနိုင်သေးကြောင်း ၎င်းက ဆိုသည်။

ထို့အပြင် အစိုးရက စိုက်ဧကအသစ်များ ထပ်မံခွင့်ပြုရန် အစီအစဉ်မရှိသေးဘဲ လက်ရှိ စိုက်ဧကများသာ တရားဝင်ဖြစ်လာရန် ဆောင်ရွက်နေခြင်းဖြစ် ကြောင်း ဝန်ကြီးကပြောသည်။ ထို့အပြင် တစ်သျှူးငှက်ပျောစိုက် ဧကနှင့်ပတ်သက်၍ စာရင်းဇယား များ စုဆောင်းရာတွင် အခက်အခဲ ရှိကြောင်း ၎င်းကဆိုသည်။

လက်နက်ကိုင်အဖွဲ့အစည်း များ နေရာတွင် စိုက်ပျိုးထားသည့် စိုက်ခင်းများနှင့် ပတ်သက်ပြီး စာရင်းဇယားရယူရန် ခက်ခဲကာ လက်ရှိတွင် တစ်သျှူးငှက်ပျော စီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းကာ ဖြေရှင်းဆောင်ရွက်နေကြောင်း ဝန်ကြီးက ပြောသည်။

တစ်သျှူးငှက်ပျောစိုက်ခင်းများတွင် တားမြစ်ထားသော ပိုးသတ်ဆေးများသုံးစွဲခြင်း၊ ကုန်တင်ယာဉ်များ အတားအဆီးမရှိ သွားလာနေခြင်းစသည့် ပြဿနာများနှင့် နေ့စဉ်ရင်ဆိုင်နေရပြီး အစိုးရအနေဖြင့် အလျင်အမြန် ဖြေရှင်းပေးသင့်ကြောင်း ဝိုင်းမော်မြို့နယ် ဒီချုပ်ပါတီပြန်ကြားရေးဌာနမှ ဦးဉာဏ်ထွန်းက အကြံပြုသည်။

၂၀၀၆ ကစတင်ပြီး ဘိန်း အစားထိုးသီးနှံအဖြစ်စိုက်ပျိုးခွင့် ပြုခဲ့သော တစ်သျှူးငှက်ပျောကို ကန်ပိုက်တီးနယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ၂၀၁၈ ဧပြီမှ ဒီဇင်ဘာလအထိ ကြိုတင်ဝင်ငွေခွန်ကျပ် သုံးဘီလီယံခန့်ရရှိပြီး ပို့ကုန်ဝင်ငွေအဖြစ် ကန်ဒေါ်လာ ၈၃ သန်းကျော်တန်ဖိုးရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းတွင် ဖော်ပြထားသည်။

**Source: http://www.7daydaily.com/story/154074**

## ဒီချုပ်အစိုးရတတိယဘဏ္ဍာနှစ် ခြောက်လအတွင်း ပို့ကုန်ပမာဏ ၁၀ ရာခိုင်နှုန်းခန့်တိုးတက်

ဒီချုပ်အစိုးရ၏ တတိယဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ပို့ကုန်ပမာဏ ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ပထမခြောက်လတွင် ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံခန့်ရှိသော်လည်း ယခုဘဏ္ဍာနှစ် ကာလတူတွင် ဒေါ်လာရှစ်ဘီလီယံခန့် ရှိလာသည်။

ချုပ်ပြီးအထည်ပြည်ပတင်ပို့မှုနှင့် ကျွဲ၊ နွားအပါအဝင် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပတင်ပို့မှု တိုးလာခြင်းကြောင့် မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏသည် ခြောက်လအတွင်း ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ကန်ဒေါ်လာသန်း ၆၅၀ ကျော် ပိုမိုတင်ပို့နိုင်သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

သို့သော် သွင်းကုန်ကဏ္ဍတွင် ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၅၀၀ ကျော်လျော့နည်းခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ တင်သွင်းမှုလျော့နည်းခြင်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ တင်သွင်းမှုလျော့နည်းခြင်းက မြန်မာနိုင်ငံ၏ သွင်းကုန်ပမာဏကို လျော့နည်းစေသည်။

မြန်မာနိုင်ငံ၏ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း သွင်းကုန်ပမာဏဒေါ်လာ ကိုးဘီလီယံခန့်ရှိနေသည်။ ထို့ကြောင့် ယခုဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလိုငွေပမာဏက ဒေါ်လာတစ်ဘီလီယံခန့် ရှိနေသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူတွင် ကုန်သွယ်မှုလိုငွေဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရှိသည်။


ကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန်တိုးတက်ပြီး ကုန်သွယ်မှုလိုငွေ လျော့နည်းသော်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၁၃၀ ကျော် ပိုများသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏတိုးတက်လာခြင်းက နိုင်ငံ့စီးပွားရေးအတွက် မျှော်လင့်ချက်များ ဖြစ်လာသည်ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက ပြောသည်။

သွင်းကုန်လျော့နည်းမှု၊ ကုန်သွယ်မှုလိုငွေကျဆင်းမှုက ပြည်တွင်း၌ကန်ဒေါ်လာတန်ဖိုး ၂၀၁၉ လေးလကျော်အတွင်း တည်ငြိမ်သကဲ့သို့ဖြစ်လာသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

**Source: http://www.7daydaily.com/story/154076**

## မြန်မာနိုင်ငံရှိ စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများသည် ထုတ်ဖော်ပြန်ကြားခြင်းနှင့် ပွင့်လင်းမြင်သာမှုတွင် ပျမ်းမျှရမှတ် ၄၈ ရာခိုင်နှုန်းနှင့် ၂၆ ရာခိုင်နှုန်းသာ ရရှိသေးပြီး ၆၅ ရာခိုင်နှုန်းကျော်ရရှိလာအောင် ဆောင်ရွက်ရမည်ဟု အစီရင်ခံစာ၌ ဖော်ပြ



မြန်မာနိုင်ငံရှိ စတော့အိတ်ချိန်စာရင်းဝင် ကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများသည် ပြန်ကြားခြင်းနှင့် ပွင့်လင်းမြင်သာမှုတွင် ပျမ်းမျှရမှတ် ၄၈ ရာခိုင်နှုန်းနှင့် ၂၆ ရာခိုင်နှုန်းသာ ရရှိနေသေးပြီး ပျမ်းမျှရမှတ် ၆၅ ရာခိုင်နှုန်း ကျော်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း "မြန်မာနိုင်ငံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း ၂၀၁၈ မြန်မာကုမ္ပဏီများအပေါ် အကဲဖြတ်လေ့လာမှုအစီရင်ခံစာ"တွင် ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာအရ ထုတ်ဖော်ပြန်ကြားခြင်းနှင့် ပွင့်လင်းမြင်သာမှုတွင် မြန်မာနိုင်ငံရှိ စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများသည် အမြင့်ဆုံးရမှတ် ၇၂ ရာခိုင်နှုန်း ရရှိထားပြီး ပျမ်းမျှရမှတ်တွင် ၄၈ ရာခိုင်နှုန်းသာ ရရှိထားကြောင်း ဖော်ပြထားသည်။

ထို့အတူ အများပိုင်ကုမ္ပဏီများသည် အမြင့်ဆုံးရမှတ် ၅၂ ရာခိုင်နှုန်းရရှိထားပြီး ပျမ်းမျှရမှတ်တွင် ၂၆ ရာခိုင်နှုန်းသာရရှိထားသည်။ အဆိုပါကုမ္ပဏီများသည် ရမှတ် ၆၅ ရာခိုင်နှုန်းအထက်ရရှိအောင် ရည်မှန်းဆောင်ရွက်သင့်ပြီး ယင်းအချက်က ရှယ်ယာပိုင်ဆိုင်သူများအား ပိုမိုကောင်းမွန်သောကော်ပိုရိတ် ထုတ်ဖော်ပြန်ကြားချက်များပေးရာတွင် YSX နှင့် SECM တို့၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပိုမိုအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ပုဂ္ဂလိကကုမ္ပဏီများသည် အမြင့်ဆုံးရမှတ် ၃၈ ရာခိုင်နှုန်းသာ ရရှိထားပြီး ပျမ်းမျှရမှတ် ၂၈ ရာခိုင်နှုန်းသာ ရရှိထားသည်။ ယင်းကဲ့သို့ ရမှတ်များတိုင်းတာရာတွင် ကော်ပိုရိတ်သတင်းအချက်အလက် ထုတ်ဖော်ပြန်ကြားမှု၏ တိကျမှု၊ ပြည့်စုံမှုနှင့် မှန်ကန်မှုများကို ထည့်သွင်းစဉ်းစားထားခြင်းဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ ပိုင်ဆိုင်မှုဖွဲ့စည်းပုံ၊ ဆက်စပ်ကုမ္ပဏီများနှင့် ရောင်းဝယ်ခြင်း၊ ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးနှင့် မဆိုင်သော သတင်းအချက်အလက်များသည်လည်း ထုတ်ဖော်ပြန်ကြားရန် အရေးပါသည့် ကိစ္စရပ်များဖြစ်ကြောင်း သိရသည်။

ထို့ပြင် အာဆီယံစံနှုန်း သတ်မှတ်ချက်အရ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် မြန်မာကုမ္ပဏီများသည် ပျမ်းမျှရမှတ် ရာခိုင်နှုန်း ၃၀ သာရှိပြီး ၂၀၁၅ ခုနှစ် အာဆီယံပျမ်းမျှ ရမှတ် ၆၉ ရာခိုင်နှုန်းထက်နိမ့်ကျနေသဖြင့် ၎င်းတို့၏ ကော်ပိုရိတ်စီမံခန့်ခွဲမှု အလေ့အထများကို မြှင့်တင်ရန် လိုအပ်ကြောင်းကိုလည်း ဖော်ပြထားသည်။

မြန်မာနိုင်ငံကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း ၂၀၁၈ မြန်မာကုမ္ပဏီများအပေါ် အကဲဖြတ်လေ့လာမှု အစီရင်ခံစာကို ၂၀၁၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အာဆီယံအရင်းအနှီးဈေးကွက် ဖိုရမ် (ACMF) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့၏ ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သော အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း (ACGS) ကို အခြေခံကာ မြန်မာကုမ္ပဏီ ၂၄ ခု၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများကို အကဲဖြတ်သုံးသပ်ထားခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုအလေ့အထများကို အကဲဖြတ်လေ့လာရန် အပိုင်းငါးခုခွဲခြားထားသော စံညွှန်း ၁၄၂ ခု (သို့မဟုတ် ACGS တွင် ပါဝင်သော စံညွှန်းများ၏ ၉၈ ရာခိုင်နှုန်း) ကို အသုံးပြုထားခြင်းဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၊ ရန်ကုန်စတော့အိတ်ချိန်း(YSX) တို့က ပါဝင်ကူညီပေးထားကြောင်း သိရသည်။

**Source:** https://news-eleven.com/article/97981

## သင်္ကြန်ကာလ မူဆယ် ၁၀၅ မိုင် ကုန်စည်ဒိုင်ဖွင့်မည်

သင်္ကြန်ကာလမှာ မူဆယ် ၁၀၅ မိုင် သစ်သီးကုန်စည်ဒိုင်အနေနဲ့ အရောင်းအဝယ် ဖွင့်ပေးထားမှာဖြစ်ပြီး လက်ရှိမှာလည်း သစ်သီးအရောင်းအဝယ် ကောင်းနေတယ်လို့ မူဆယ်သစ်သီးကုန်စည်ဒိုင်က သိရပါတယ်။ မူဆယ်သစ်သီးကုန်စည်ဒိုင်မှ ဥက္ကဋ္ဌဦးစိုင်းမြင့်ဘိုက "ဒီမှာက သစ်သီးရှိသမျှ ကာလပတ်လုံး အရောင်းအဝယ် ပိတ်ခြင်း မရှိပါဘူး၊ သင်္ကြန်တွင်းလဲ မပိတ်ပါဘူး၊ အရောင်းအဝယ်ကတော့ ပုံမှန်ပဲ၊ ဘာမှအခက်အခဲ မရှိသလောက်ပါပဲ၊ အခုကတော့ ကောင်းတယ်ပြောရမှာပေါ့" လို့ ပြောပါတယ်။



သစ်သီးတွေ ဈေးကွက်ဝင် လက်ရှိမှာ မူဆယ်ဈေးကွက်အတွင်း ဝင်ရောက်နေတဲ့ သစ်သီးတွေက ဖရဲ၊ သခွားတွေ အများဆုံးဖြစ်ပြီး စိန်တစ်လုံး သရက်သီးတွေကတော့ ဧပြီလ ၆ ရက်နေ့ကစပြီး ဈေးကွက်အတွင်း စတင်ဝင်ရောက်လာပြီဖြစ်ပါတယ်။

သရက်သီးဈေးက အစပိုင်းဖြစ်တဲ့အတွက် ပုံမှန်မရှိသေးပေမဲ့ ဖရဲသီးဈေးကတော့ ၈၅၅ အမျိုးအစား ၁၆ တန်ပါကားစီးပြတ်ကို ယွမ် ၂၀,၀၀၀ ကနေ ၄၀,၀၀၀ ကြားအထိ ရှိနေပါတယ်။အညံ့စီးပြတ်ဈေးကတော့ ယွမ် ၁၃,၀၀၀ ကနေ ၂၀,၀၀၀ ကြားရှိပါတယ်။ သခွားမွှေးကတော့ ရောင်းတန်းဝင် အရည်အသွေးအမျိုးအစားတွေက တစ်တန်ကို ယွမ် ၃၀၀၀ ကနေ ၇၀၀၀ ကြားရှိတယ်လို့ သိရပါတယ်။

မူဆယ်နယ်စပ်ရှိ ခွာညို သစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်က "သင်္ကြန်တွင်းက ပုံမှန်တော့ ဈေးကွက်အကောင်းဆုံးပဲ၊ တရုတ်တွေ ပျော်ပျော်ပါးပါး ရေလောင်းရင်းနဲ့ လာဝယ်ကြတာ၊ အခုတောင် အရောင်းအဝယ်သွက်တယ်"လို့ ပြောပါတယ်။

လက်ရှိမှာ မူဆယ်ဈေးကွက်အတွင်း တစ်နေ့ကို သစ်သီးကားအစီးရေ ၇၀၀ နီးပါး ဝင်ရောက်နေပြီး လက်ရှိအရောင်းအဝယ် အခြေအနေအရဆိုရင် သင်္ကြန်ကာလမှာလည်း သည်နှုန်းအတိုင်း ဝင်ရောက်နေမယ့် အခြေအနေရှိတယ်လို့လည်း သစ်သီးကုန်စည်ဒိုင်က သုံးသပ်ထားပါတယ်။

**Source:** https://www.kumudranews.com/news-33026

## သင်္ကြန်နီး၍ ကုန်ကားပို့ခဈေးမြင့်



သင်္ကြန်နီးလာ၍ မြဝတီသို့ ကုန်ပို့ကားခများ ဈေးနှုန်းမြင့်တက်လာပြီး မော်လမြိုင်၊ ဘားအံ၊ မြဝတီတို့မှ အပြန်ကုန်မရ အလွတ်ပြန်နေရသည်။ ရန်ကုန်ရှိ ယင်းဒေသသွားကားဂိတ်အများစုတွင် ကားမရှိကြ၍ ကားခနှုန်း ပြောဆိုနိုင်ခြင်းမရှိဟု သိရသည်။

**မြင့်တက်လာ**

ဧပြီလပထမပတ်အလယ်မှစ၍ မန္တလေးမှ ရန်ကုန်သို့ ကုန်တစ်တန်ကားခ ကျပ် ၄၀၀၀၀ နှုန်း၊ ရန်ကုန်မှ မန္တလေးသို့ကားခ ကျပ် ၂၀၀၀၀ နှုန်း၊ တောင်ကြီးမှ ရန်ကုန်သို့ ကုန်တစ်တန်ကားခ ကျပ် ၄၅၀၀၀ နှုန်း၊ ရန်ကုန်မှတောင်ကြီးသို့ ကုန်ကားခ ကျပ် ၃၀၀၀၀ နှုန်းဝန်းကျင်ရှိ သည်ဟုသိရသည်။ အဆိုပါဈေးနှုန်းများမှာ တွဲကားခနှုန်းထားများဖြစ်ပြီး ၁၂ ဘီးကားခ ဆိုလျှင် ယင်းနှုန်းထားထက်မြင့်သည်။ တောင်ကြီးမှ ရန်ကုန်သို့ ပြောင်းတစ်ပိဿာကားခ ၅၅ ကျပ်သာရှိရာမှ ဧပြီ ၈ ရက်တွင် ၆၅ ကျပ်နှုန်း

ရှိလာသည်။ တောင်ကြီးမှအဆင်းနှင့် မြဝတီခရီးစဉ်များတွင် ပြောင်းတင်ပို့မှု များလာသည်။ ကျောက်ဆည်မှ ရန်ကုန်သို့ ဘီလပ်မြေတစ်အိတ်ကားခ ကျပ် ၁၆၀၀ သာရှိရာမှ ယခုရက်တွင် ကျပ် ၂၀၀၀ နှုန်းသို့ မြင့်တက် လာသည် ဟု နယ်စုံသို့ ကုန်တင်ပို့နေသည့် ကုန်ကားဂိတ်လုပ်ငန်းရှင် ဦးအောင်မြင့်က ပြောဆိုသည်။

**ဈေးတက်**

အာလူးတစ်ပိဿာလျှင် ယခင်ကားခ ၄၅ ကျပ်နှုန်းမှ ယခုရက် ကျပ် ၈၀ နှုန်း ကြက် သွန်နီတစ်ပိဿာ ကျပ် ၄၀ မှ ယခုရက် ၅၅ ကျပ်၊ ၆၀ နှုန်းသို့ ဈေးနှုန်းမြင့်တက်လာသည်။ ဘုရင့်နောင်အတွင်းရှိ ခရီးဝေးကုန်ကားဂိတ် အများစုမှာ ဧပြီ ၈ ရက်၊ ၉ ရက် နောက်ဆုံး ဖွင့်ကာ ကုန်ပို့ခြင်းလုပ်ကိုင်မည်ဟု သိရသည်။ ရန်ကုန်မြို့ဝန်းကျင် ပုသိမ်အပါအဝင် မြစ်ဝ ကျွန်းပေါ်ဒေသများနှင့် ပဲခူးဒေသသွားကား ဂိတ်အများစုသည် ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်အထိ လုပ်ငန်းလုပ်ကိုင်မည် ဟု ခရေလမ်း ရှိ ကားဂိတ်ပိုင်ရှင်ဦးနေရှူးက ပြောဆိုသည်။

**ကုန်မပါအလွတ်ပြန်**

ခရီးမိုင် ၁၈၀ ဝန်းကျင်ရှိ ရန်ကုန်– ဘားအံခရီးစဉ်နှင့်ခရီးမိုင် ၂၀၀ ရှိ ရန်ကုန်– မော်လမြိုင်ခရီးစဉ်တို့တွင် ကုန်ပို့ခတစ်ပိဿာ ကျပ် ၄၀၊ ၄၅ ကျပ် ဝန်းကျင်ရှိလာသည်။ ခရီးမိုင် ၃၀၀ ဝန်းကျင်ရှိ ရန်ကုန်–မြဝတီ ခရီးစဉ်တွင် ကုန်ပို့ခ တစ်ပိဿာ ၆၅ ကျပ်နှုန်း ရှိသည်။ ယင်းဒေသများမှအပြန် ကုန်ရှားသဖြင့် ကုန်မပါအလွတ်ပြန် လာရခြင်းများ ရှိနေသည့်အတွက် ကုန်ကားခ ၁၀ ကျပ်ဝန်းကျင် ဈေးမြင့်တက်လာသည်။

သို့ဖြစ်ရာ နှစ်စဉ် သင်္ကြန်မတိုင်မီ တွေ့ ကြုံရတတ်သော ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး အခက်အခဲများသည် ပို့ဆောင်ရေးလောကတွင် သင်္ကြန်အကျိုးစီးပွားအသွင် မြင်တွေ့နေရသည်ဟု ကုန်ကားအများအပြားနှင့် ချိတ်ဆက်မှု များသော ရန်ကုန် ဘုရင့်နောင်ပွဲရုံဝင်းမှ ကားဂိတ်လုပ်ငန်းရှင်ဦးစိုးက ပြောဆိုသည်။

**ပြောင်းလဲမှုမရှိ**

မိုင် ၁၁၀ ဝန်းကျင်သာရှိသော ရန်ကုန်–ပုသိမ်ခရီးတွင် ဆန်နှင့် ၉၅ မိုင်ဝန်းကျင် ရှိသော ရန်ကုန်–ဟင်္သာတ ခရီးတွင် ပဲအိတ်များ ရန်ကုန်အဆင်းတွင် တင်ပို့မှုများနေသည်။ ရန်ကုန်မှ ပုသိမ်သို့ မြေဆီတစ်အိတ်ကားခ ကျပ် ၇၀၀၊ အာလူးတစ်အိတ် ကားခကျပ် ၁၀၀၀ နှုန်းရှိပြီး ပုသိမ်မှ ရန်ကုန်သို့ ဆန်တစ်အိတ်ကားခ ကျပ် ၇၀၀ နှုန်း ရှိသည်။ ခရီးနီးဖြစ်၍ ယင်းခရီးစဉ်များတွင် ကားခပြောင်းလဲမှု မရှိဟုသိရသည်။

**Source:** https://myanmar.mmtimes.com/news/122153.html

## ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း အလှူတွင် အသုံးများသည့် ငါးခြောက်များ ဈေးနှုန်းမြင့်တက်လာ

ယခု လဆန်းမှစတင်ကာ ရန်ကုန်မြို့ ၊ ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း အလှူတွင် အသုံးများသည့် ငါးခြောက်များ



ဈေးနှုန်းမြင့်တက်နေသော်လည်း ကျန်ငါးခြောက်များ အရောင်း အဝယ် အေးသောကြောင့် ဈေးနှုန်းကျဆင်းလာကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်ရှိ ရောနဒီပွဲရုံပိုင်ရှင်၏ ပြောကြားချက်အရ သိရပါတယ်။

သင်္ကြန်ကာလအတွင်း အလှူလုပ်ရာတွင် အသုံးများသည့် ငါးရောင်ခြောက်၊ ငါးရွှေခြောက်များမှာ ဈေးနှုန်းမြင့်တက်လာပြီး ငါးရောင်ခြောက် တစ်ပိဿာလျှင် ယခင်က ငွေကျပ် ၁၀၀၀၀ မှ ၁၁၀၀၀၊ ငွေကျပ် ၁၆၀၀၀ မှ ၁၇၀၀၀၊ ငွေကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ အထိ ငွေကျပ် ၁၀၀၀ အသီးသီးမြင့်တက်ကာ ငါးရွှေခြောက်တစ်ပိဿာလျှင် ယခင်က ငွေကျပ် ၅၀၀၀ မှ ၈၀၀၀ အထိရှိခဲ့ရာ လတ်တလောတွင် ငွေကျပ် ၅၀၀ ဝန်းကျင် ဈေးမြင့်တက်လာကြောင်း သိရပါတယ်။ဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ်ရှိသည့် ငါးနီတူငါးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဝန်းကျင်မှ ၆၀၀၀၊ အာပြဲခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ မှ ၆၅၀၀ သို့ အသီးသီးဈေးနှုန်းကျဆင်းကြောင်း သိရပါတယ်။

"အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ။ အရင်နှစ်တွေထက်စာရင်တော့ ခပ်အေးအေးပဲသွားနေတယ်။ သင်္ကြန်ရက်လည်း သိပ်မကျန်တော့ဘူးဆိုတော့ အရမ်းကြီးဈေးမတက်နိုင်ပါဘူး" ဟု ပွဲရုံပိုင်ရှင်က ပြောကြားခဲ့ပါတယ်။ ဘုရင့်နောင် ကုန်စည်ဒိုင်အတွင်းမှ ငါးခြောက်များကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မုံရွာ၊ မြင်းခြံနှင့် တောင်ကြီးစသည့် ဒေသတို့မှ အဓိကဝယ်ယူနေကြောင်း သိရပါတယ်။လတ်တလောတွင် ငါးနီတူခြောက်များမှာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ အများဆုံး ဝင်ရောက်လျက်ရှိပြီး အာပြဲခြောက်များမှာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။

**Source:** https://myanmar.mmtimes.com/news/122153.html

## သင်္ကြန်အပြီး အိန္ဒိယက ဝယ်လိုအားတက်ပါက မတ်ပဲနှင့် ပဲစင်းငုံဈေး ထပ်မံမြင့်တက်နိုင်

သင်္ကြန်အပြီးတွင် အိန္ဒိယက ဝယ်လိုအားတက်လာပါက မတ်ပဲနှင့် ပဲစင်းငုံပြည်တွင်းဈေး ထပ်မံမြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

လက်ရှိ အိန္ဒိယနိုင်ငံတွင် ကုန်သည်များက ပြည်ပမှ ပဲတင်သွင်းရန် လိုင်စင်လျှောက်ထားနေခြင်းကြောင့် ဝယ်လိုအား သိသာစွာ မြင့်တက်လာခြင်း မရှိသေးကြောင်း ၎င်းကပြောသည်။

အိန္ဒိယအစိုးရက မတ်ပဲနှင့် ပဲတီစိမ်း တန်တစ်သိန်းခွဲနှင့် ပဲစင်းငုံ တန်နှစ်သိန်း ပြည်ပမှ တင်သွင်းရန် ပြီးခဲ့သည့် မတ်လ ၂၉ ရက်က ကြေညာချက် ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံ အပါအဝင် ပဲစိုက်ပျိုးသည့် အခြားနိုင်ငံများမှ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်း တင်သွင်းမည့် အစီအစဉ် ဖြစ်သည်။

ပဲစင်းငုံကို မြန်မာနိုင်ငံအပြင် အာဖရိကအပါအဝင် အခြားနိုင်ငံများက စိုက်ပျိုးခြင်းကြောင့် ဈေးကွက်ယှဉ်ပြိုင်ရမည့် အခြေအနေ ရှိသော်လည်း မတ်ပဲက အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံတွင်သာ စိုက်ပျိုးသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ ပဲစင်းငုံ လက်ကျန်များစွာ လျော့နည်းပြီး ဆောင်းရာသီတွင် စိုက်ပျိုးသည့် မတ်ပဲအသစ်ကလည်း အထွက်နှုန်းနည်းခြင်းကြောင့် အိန္ဒိယ၏ ကြေညာချက်နောက်ပိုင်း ပဲဈေးနှုန်း မြင့်တက်ခဲ့သည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ်ခုနစ်သိန်းခြောက်သောင်း၊ ပဲစင်းငုံ တစ်တန်လျှင် ကျပ်ရှစ်သိန်းလေးသောင်း၌ ဈေးငြိမ်နေကြောင်း ဘုရင့်နောင် ပဲကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောသည်။

အိန္ဒိယကုန်သည်များ လိုင်စင်လျှောက်သည့် အချိန်ကာလ ဖြစ်ခြင်းကြောင့် အဝယ်နည်းသော်လည်း လိုအပ်ချက်ရှိလျှင် ကွန်တိန်နာ အလုံး ၂၀ (တန်ချိန် ၄၈၀)မှ ကွန်တိန်နာ အလုံး ၃၀ (တန်ချိန် ၇၂၀) ခန့် ဧပြီတွင် ဝယ်ယူမှုရှိသည်ဟု ၎င်းက ပြောသည်။

**Source:** https://www.facebook.com/a9biz/posts/2381921061839803

## နယ်စပ်ပို့ကုန်ကဏ္ဍလေးခု ကာလတူထက် ဝင်ငွေလျော့နည်း

လက်ရှိဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ နယ်စပ်ကုန်သွယ်မှု ပို့ကုန်ကဏ္ဍမှာ ကဏ္ဍလေးခုမှ ကုန်စည်များက ကာလတူထက် တင်ပို့မှု လျော့နည်းနေတယ်လို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာ ရင်းတွေအရ သိရပါတယ်။

နယ်စပ်ကုန်သွယ်မှုပို့ကုန်ပိုင်းမှာ လျော့နည်းနေတဲ့ကဏ္ဍတွေကတော့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနဲ့ အခြားပစ္စည်းများ ဖြစ်ပါတယ်။ စက်မှုကုန်ချောပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများနဲ့ ရေထွက်ပစ္စည်းတွေကတော့ ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့တယ် လို့ သိရပါတယ်။

လယ်ယာထွက်ကုန်ဆိုရင် ကာလတူထက် ပို့ကုန်ပမာဏမှာ ကန်ဒေါ်လာ သန်း ၆၀ ကျော် လျော့နည်းနေပြီး သတ္တုတွင်းထွက်ဆိုရင် ကာလတူထက် ကန်ဒေါ်လာ သန်း ၂၅၀ ကျော် လျော့နည်းနေပါတယ်။ အခြားပစ္စည်းတွေဆိုရင် ကာလတူထက် ကန် ဒေါ်လာသန်း ၃၅၀ ကျော် လျော့ နည်းနေပါတယ်။

နယ်စပ်ကုန်သွယ်ရေးရဲ့ ပို့ကုန်ပိုင်းမှာ အခုလိုလျော့နည်းရတဲ့ အကြောင်းကတော့ တရုတ်နိုင်ငံဘက်က ဖမ်းဆီးစစ်ဆေးမှု တွေ တင်းကျပ်လာတဲ့အတွက် သကြား၊ ဆန်၊ ပြောင်း စတဲ့ကုန် စည်တွေမှာ တင်ပို့မှုတွေ လျော့နည်းခဲ့တာကြောင့်ဖြစ်ပါတယ်။ မူဆယ်မြို့မှ ကုန်သည်ဦးချမ်းသာဦးက “နယ်စပ်ကုန်သွယ်ရေးက အခုလဲဘာမှ သိပ်မရှိဘူး ရပ်နေရတာ”လို့ ပြောပါတယ်။

လက်ရှိဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ နယ်စပ်ရော၊ ပင်လယ်ရေကြောင်းပါ ကုန်သွယ်မှု ပမာဏအနေနဲ့ကတော့ ကန်ဒေါ်လာ ၁၄,၀၀၀ ကျော်ရှိပြီး ပို့ကုန်ပမာဏက ကန်ဒေါ်လာ ၆၆၀၀ ကျော်နဲ့ သွင်းကုန်ပမာဏက ကန်ဒေါ်လာ သန်း ၇၅၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

**Source:**https://www.kumudranews.com/news-33027

## STOCK EXCHANGE (9.4.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 9th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -200 | -2.30% | 8,600 | 8,600 | 8,500 | 4,845 | 41,252,800 | 27,112,747 | 230,458 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 6,815 | 19,738,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 63 | 447,300 | 10,400,986 | 73,847 |
| FPB | 00004 | 20,500 | +500 | +2.50% | 20,500 | 20,500 | 20,500 | 22 | 451,000 | 2,472,053 | 50,677 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 560 | 1,484,000 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.41 | -2.62 | -0.71% | 366.53 | 366.53 | 366.41 | 12,305 | 63,373,600 | 5 | 500,241 |

**Index chart**





## Market Overview

As of 1:00 pm, 9th Apr. 2019

**MYANPIX** 366.41

▼ 2.62

| | |
|---|---|
| Total Volume (shares) | 12,305 |
| Total Value (MMK) | 63 mil |
| Listed Company | 5 |
| Market Cap. (MMK) | 500,241 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 200 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 20,500 | ▲ 500 |
| TMH | 00005 | 2,650 | ▲ 50 |